**“Deep Calls the Deep”**

July 26, 2024



သဘာဝတရားထဲမှ ဘုရား၏နှစ်သိမ့်အတူရှိမှုကိုဆင်ခြင်ခြင်း -
နက်ရှိုင်းသောအရပ်မှ နက်ရှိုင်းသော အသံတော်

ဝက်စ်ကွန်ဆန် မြောက်ပိုင်း၊ ရေကန်ဘေးတွင် ချစ်ဇနီးနှင့်အတူထိုင်လျက် လှပသောနေဝင်ချိန်ကို အတူကြည့်ရှုဖြတ်သန်းရသောအချိန်အခါများသည် ကျွန်ုပ်အတွက်လွန်စွာမှအဖိုးတန်သောဘဝ၏ အချိန်အပိုင်းစဖြစ်သည်။ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကွန်ဂိုနိုင်ငံအရှေ့ပိုင်း တွင်ရှိသည့် ကျွန်ုပ်ချစ်ရသော မိတ်ဆွေများ၊
ကျွန်ုပ်၏လုပ်ဖော်ဆောင်ဖက်များ၊ ကျွန်ုပ်၏ကျောင်းသားများ ဖြတ်သန်းနေရသည့် အခြေအနေများကိုစဉ်းစားတွေးတောမိတိုင်း ကျွန်ုပ်ကိုယ်တိုင် စိတ်သောကရောက်၍စိတ်ပူပန်နေ ရသည့်အခြေအနေဖြစ်ပါသည်။
ဤသို့စိတ်သောကရောက်နေရသည့်အချိန်တွင် သဘာဝတရားကို ဆင်ခြင်လျက်ဘုရား၏နှစ်သိမ့်မှုကိုခံစားရခြင်းသည် လွန်စွာမှအထောက်အမဖြစ်စေပါသည်။
ကမ်းခြေသို့ ဖြည်းညှင်းစွာလွန့်လူးရိုက်ခတ်လာသောလှိုင်းငယ်လေးများ၊ နေဝင်ချိန်တွင်ကတ္တီပါရောင် သန်းနေသောရေမျက်နှာပြင်၊ ပျံသန်းနေသောဇင်ရော်ငှက်တို့၏အသံကိုနားဆင်ရင်း၊ ဘုရားသခင်၏ လက်ရာတော်အားဖြင့် ငြိမ်သက်ခြင်းကို တဖန်ပြန်ခံစားရသည်။ ဘုရား၏ဖန်ဆင်းခြင်း လက်ရာ တော်များကို ဆင်ခြင်ရင်း ဆာလံဆရာပြောသည့် "နက်ရှိုင်းသောအရပ်မှ နက်ရှိုင်းသောအသံတော်" အားဖြင့် ဘုရားသခင်၏ မျက်မှောက်တော်၌ရှိနေခြင်းကို ခံစားလာရသည်။ ကျွန်ုပ်တစ်ဦးထဲ အထီး ကျန်ရှိနေသည်မဟုတ်ပေ။ ကောင်းသောအရာနှင့်မြော်လင့်ခြင်းအကြောင်းကို စွဲကိုင်ယုံကြည်ထား နိုင်ပြီး၊ ထိုအရာများအတွက်လုပ်ဆောင်သင့်ကြောင်း ပို၍ယုံကြည်မှုခိုင်မြဲလာရသည်။
ကောင်းမြတ်ခြင်း၊လှပခြင်း၊ကျေးဇူးပြုခြင်း၊ချစ်ခြင်းမေတ္တာရှိသောဝန်းကျင်၌ ဘုရားသခင်၏သန့်ရှင်း သောမေတ္တာတော်ထဲ၌ စီးမျောအသက်ရှင်ရန် ကျွန်ုပ်၏စိတ်သည် ပြန်လည်ဆန်းသစ်လာပါသည်။
ကျွန်ုပ်ချစ်ရသော မိတ်ဆွေများအတွက် အနာဂတ်တွင် မည်သို့သောမြော်လင့်ခြင်းရှိလာမည်ကို ကျွန်ုပ်တပ်အပ်မပြောနိုင်သော်လည်း သူတို့ခံစားနေရသည့်နာကျင်မှုများ၊စိတ်ပျက်မှုများအတွက် ကျွန်ုပ် လျစ်လျူရှုမျက်နှာလွှဲဖို့ရန် မဖြစ်နိုင်ပေ။ သူတို့နာကျင်ခံစားရသကဲ့သို့ ကျွန်ုပ်လည်းခံစားရ သည်။
ဤဖိစီးမှုများကိုပုခုံးပေါ်ထမ်းထား၍ ကျွန်ုပ်ကိုဝါးမြိုသွားဖို့ရန် အခွင့်လည်းမပေးသင့်ပေ။
သို့သော်ဂရုပြုခြင်းနှင့်ချစ်ခြင်းမေတ္တာကို ဘုရားသခင်ဖော်ပြပေးသည့်အတိုင်းကျွန်ုပ်ပြန်လည်၍ ပေးဝေနိုင်ပါသည်။

စိတ်နှလုံးကိုအသစ်ပြုပြင်ပေးနိုင်သည့် လျှို့ဝှက်ချက်မှာဤအချက်ဖြစ်သည်။ ဖန်ဆင်းရှင်ဘုရားကို မျှော်ကြည့်၍ ဖန်ဆင်းခြင်းလက်ရာများကို စေ့စေ့ကြည့်ရှုသည့်အခါ စိတ်ပျက်မှုများ ပြေပျောက်သွား ရသည်။ လူသားတစ်ယောက်၏ မတတ်နိုင်ခြင်းအကြောင်းကိုဆင်ခြင်နားလည်လာသည့်အခါတွင် ကျွန်ုပ်၏အကန့်အသတ်ရှိနေခြင်းကို နားလည်လျက် နှစ်သိမ့်သက်သာမှုလည်းပို၍ရှိလာပါသည်။
နောက်ဆုတ်လိုက်ခြင်း၊
အရှုံးပေးလိုက်ခြင်းမဟုတ်၊ အရှိတရားကိုလက်ခံ၍ ယုံကြည်အပ်နှံလိုက်ခြင်း ဖြစ်သည်။
ဒုက္ခရောက်သူများကို လိုက်လံကယ်တင်ပေးခြင်းမျိုးမဟုတ်ဘဲ ဘုရားသခင်ပြုလုပ်ပေး နေသည့် ကောင်းမြတ်သည့်လုပ်ဆောင်မှုထဲတွင် ကျွန်ုပ်ပါဝင်အစေခံရခြင်းမျိုးဖြစ်သည်။
ဤအတိုင်း လုံလောက်ပါသည်။
ဖန်ဆင်းခြင်းလက်ရာတော်ထဲတွင် အသစ်ပြုပြင်ခြင်း၊ ဆန်းသစ်ခြင်းများကို ပြန်၍ခံစားရရှိနိုင်ရန် ကျွန်ုပ်ဆုတောင်းပေးလျက်၊ သင်တို့ကိုအစဉ်အမြဲ ဆုတောင်းခြင်းဖြင့်သတိရနေပါသည်။
ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်
ဦးထင်ကျော် @ Dr. Tim

အို ငါ့ဝိညာဉ် သင်သည်အဘယ်ကြောင့် ညှိုးငယ်သနည်း။ ငါ့အထဲမှာ အဘယ်ကြောင့်မငြိမ်မဝပ်ရှိ သနည်း။ ဘုရားသခင်ကိုမျှော်လင့်လျက်နေလော့။ ငါ့ကိုကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ် သောဘုရားသခင်၏ ကျေးဇူးတော်ကိုငါချီးမွမ်းထောမနာပြုရလေအံ့သတည်း။... ရေဘွဲ့တော်များ အသံဗလံနှင့်တကွ ဝဲသြဃတစ်ခုကိုတစ်ခုဟစ်ခေါ်၍ လှိုင်းတံပိုးတော်အပေါင်းတို့သည် အကျွန်ုပ်ကို လွှမ်းမိုးကြပါပြီ။ သို့သော်လည်း ထာဝရဘုရားသည် နေ့အခါသနားခြင်းကျေးဇူးတော်ကို ပေးချ တော်မူ၏။ ညအခါ၌လည်း ဂုဏ်တော်ကိုသီချင်းဆိုလျက်၊ ငါ့၏အသက်သခင်ကို ပတ္ထနာပြုလျက် ငါနေ၏။
(ဆာလံကျမ်း ၄၂း၅,၇-၈)
သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။